# ဟိုတယ်များတွင် ယစ်မျိုးလိုင်စင်လျှောက်ထားရာ၌ လိုအပ်သော အချက်အလက်များ

၁။ အမှုတွဲနေ့စဉ်မှတ်တမ်း။

၂။ (Diary)တွင် ရက်စွဲအစဉ်လိုက်ရေးသား၍ မြို့နယ်၊ ခရိုင်၊ တိုင်း အဆင့်ဆင့်တင်ပြမှု ပါဝင်ရန်။

၃။ (Diary) တွင် သက်ဆိုင်ရာ ရုံးအကြီးအကဲ (သို့မဟုတ်) တာဝန်ပေးအပ်သူ အရာရှိကိုယ်တိုင် လက်မှတ်ရေးထိုးရန်။

၄။ သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လိပ်မူ၍ ယစ်မျိုးလိုင်စင်ချထားပေးရန် ကာယကံရှင်၏ လျှောက်ထားလွှာ။

၅။ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့် အိမ်ထောင်စုဇယားမိတ္တူ။

၆။ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်။

၇။ သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်။

၈။ ပတ်ဝန်းကျင်နေထိုင်သူများ၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ ထပ်ဆင့် လက်မှတ်ရေးထိုးရန်။

၉။ ဆိုင်တည်နေရာပြမြေပုံ (မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုမြို့နယ်အုပ်ရေးမှူး)မှ လက်မှတ်ရေးထိုးရန်။

၁၀။ ယစ်မျိုး နည်းဥပဒေ ၁၆ အရ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်း အမိန့်ကြော်ငြာစာမိတ္တူ။

၁၁။ မြို့နယ်ယစ်မျိုးအကြံပေးအဖွဲ့၏ အစည်းအဝေးမှတ်တမ်း။

၁၂။ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာ (ယစ်မျိုးနည်းဥပဒေ ၂၂၊ ၂၃ တို့နှင့် ကိုက်ညီမှု ရှိကြောင်း) ဖော်ပြရန်။

၁၃။ မြို့နယ်အုပ်ချုပ်ရေးမှူး၏ သဘောထားမှတ်ချက်။

၁၄။ ခရိုင်အုပ်ချုပ်ရေး၏ သဘောထားမှတ်ချက်။

၁၅။ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး ကိုယ်တိုင် လက်မှတ်ရေးထိုးထားသော သဘောထားမှတ်ချက်။

၁၆။ နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်။

၁၇။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ လုပ်ငန်းခွင့်ပြုလိုင်စင်နှင့် ထောက်ခံချက်။

၁၈။ ဟိုတယ်လိုင်စင်ခွင့်ပြုမိန့်ပါ အမည်နှင့် ယစ်မျိုးလိုင်စင် လျှောက်ထားသူအမည်တူညီရန်။

(မှတ်ချက်။ ဟိုတယ်လိုင်စင်ပါ အမည်သည် နိုင်ငံခြားသားဖြစ်ပါက ဟိုတယ်တွင် တာဝန်ရှိသူ မြန်မာနိုင်ငံသားအမည်ဖြင့် ယစ်မျိုးလိုင်စင်ကို လျှောက်ထားရမည်။ ဟိုတယ်လိုင်စင်ပါ အမည်သည် မြန်မာနိုင်ငံသားဖြစ်ပြီး ဟိုတယ်၏ မန်နေဂျာဖြစ်သူမှ လျှောက်ထားလာပါက လိုင်စင်ပါပိုင်ရှင်ဖြစ်သူမှ သဘောတူညီကြောင်း ထောက်ခံချက်(သို့) ကိုယ်စားလှယ်လွှဲစာ မူရင်း)

၁၉။ ဟိုတယ်များအတွက် ခွင့်ပြုထားသည့် ယစ်မျိုးလိုင်စင်များအား လိုင်စင်စီအမည်၊ တည်နေရာ၊ လိုင်စင်အမျိုးအစားပြောင်းလဲခွင့်မရှိဘဲ ဟိုတယ်လုပ်ငန်းပိတ်သိမ်းပါက ယစ်မျိုးလိုင်စင်အား ပြန်လည် အပ်နှံမည်ဖြစ်ကြောင်း ဝန်ခံကတိပြုချက်။

၂၀။ စက်မှုမြေငှားဂရန် မိတ္တူ။